JUSTICE FOR MYANMAR

**သတင်းထုတ်ပြန်ချက်**

၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက် | မြန်မာ

# အိန္ဒိယလေတပ်နှင့် အစိုးရပိုင်လုပ်ငန်းကြီးများက မြန်မာရှိ စစ်ရာဇဝတ်ကောင်များထံ စစ်ဘက်သုံးပစ္စည်းများ ရောင်းချလျက်ရှိ

မြန်မာစစ်အုပ်စုက ပြည်သူများအပေါ် အကြမ်းဖက်စစ်ပွဲတစ်ရပ် တိုးချဲ့လုပ်ဆောင်နေချိန် အိန္ဒိယအစိုးရပိုင် လုပ်ငန်းကြီးများ (Public sector undertakings - PSUs) သည် စစ်အုပ်စု၏ လေတပ်နှင့် ရေတပ်အတွက် စက်ပစ္စည်းများနှင့် စစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို တရားမဝင်မြန်မာစစ်အုပ်စုအတွက် ရောင်းချပေးအပ်နေသည်။

ယင်းသို့ ဆက်လက်ရောင်းချပေးအပ်နေမှုသည် စစ်အုပ်စု၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများတွင် အိန္ဒိယနိုင်ငံနိုင်ငံက ကြံရာပါပတ်သက်နေဆဲဖြစ်သည်ကို ထပ်မံ၍ အတည်ပြုပေးနေခြင်း ဖြစ်သည်။ စစ်အုပ်စုသည် အထူးသဖြင့် မြန်မာနိုင်ငံတဝန်း အရပ်သားပြည်သူများအပေါ် မဆင်မခြင် လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ရန် ၎င်း၏ လေတပ်ကို အားပြုသုံးစွဲလျက်ရှိနေပြီး၊ ကလေးသူငယ်များ အပါအဝင် ပြည်သူများအား သတ်ဖြတ်ခြင်း၊ အိုးအိမ်များ၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများအား ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

<u>စုံစမ်းလေ့လာမှုအသစ်တစ်ခု</u>တွင် မြန်မာစစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ၎င်းတို့ထံ စစ်ဘက်သုံးပစ္စည်း၊ နည်းပညာနှင့် လောင်စာဆီ ရောင်းချထားသော သို့မဟုတ် တရားမဝင်စစ်အုပ်စုနှင့် စီးပွားရေးလုပ် ဆောင်ရန် အားထုတ်မှုများကို ထုတ်ဖော်ပြောကြားထားသည့်  PSUs ၁၀ ခုကို Justice For Myanmar က ဖော်ထုတ်ထားပြီး၊ အများစုသည် အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းများ ဖြစ်ကြသည်။

ထို့အပြင် အိန္ဒိယလေတပ်သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် စစ်အုပ်စု၏ လေတပ်ထံ ကုန်ပစ္စည်းအမျိုးပေါင်း ၅၂ မျိုးကို ပေးပို့ခဲ့ပြီး၊ ယင်းပစ္စည်းများသည် အလိုအလျောက် တိုင်းတာနိုင်သည့် မိုးလေဝသအထိုင်စက် (AWS) တစ်ခု သော်လည်းကောင်း၊ အများအပြားသော်လည်းကောင်း ဖြစ်ပုံရသည်။ ၎င်းမတိုင်မီကာလဖြစ်သည့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင်လည်း မိုးလေဝသဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်ရန်အတွက် မြန်မာနိုင်ငံသို့ အိန္ဒိယလေတပ်မှ စစ်သည် ၁၅ ဦး စေလွှတ်ခဲ့သည်။

အခြားအသုံးချမှုများ ရှိစေကာမူ AWS မှ ရရှိသည့် အချက်အလက်များသည် လေကြောင်းတိုက်ခိုက်မှုများအတွက် အချိန်တွက်ဆမှုများ၊ အသုံးပြုလေယာဉ်အမျိုးအစားနှင့် လက်နက်အမျိုးအစား ရွေးချယ်မှုများအတွက် အဆုံးအဖြတ်ပေးနိုင်သည်။

PSUs များမှ တစ်ခုဖြစ်သည့် Goa Shipyard Limited (GSL) သည် မြန်မာ့ရေတပ်အတွက် ၈၁ မီတာ ကမ်းရိုးတန်းကင်းလှည့်စစ်ရေယာဉ်များအတွက် တွန်းကန်အားစက်တစ်ခု ရောင်းချပေးအပ်ရန် စစ်အုပ်စုနှင့် စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

အဆိုပါစာချုပ်ကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာ့ရေတပ်သင်္ဘောကျင်းနှင့် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး၊ ယင်းအချိန်တွင် အိန္ဒိယနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အလှည့်ကျအဖွဲ့ဝင်အဖြစ် ရှိနေကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုများ များပြားလာခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးချက်များကို ညှိနှိုင်းလုပ်ဆောင်နေစဉ်ကာလ ဖြစ်သည်။

အိန္ဒိယကာကွယ်ရေးဆိုင်ရာ PSU ဖြစ်သည့် Hindustan Aeronautics Limited (HAL) သည် မြန်မာနိုင်ငံအား လက်ရှိဝယ်ယူနေသည့် ဖောက်သည်နိုင်ငံစာရင်းတွင် ဖော်ပြထားပြီး၊ မြန်မာစစ်တပ်သို့ တိုက်လေယာဉ် MiG အပိုပစ္စည်းများကို တင်ပို့ထားသည်။ Justice For Myanmar အနေဖြင့် နောက်ဆုံးတင်ပို့ခဲ့သည့်ရက်ကိုမူ အတည်ပြုနိုင်ခြင်း မရှိပေ။

မြန်မာ့လေတပ်သည် ၎င်းတို့၏ အရပ်သားပြည်သူများအပေါ် မဆင်မခြင်လေကြောင်းတိုက်ခိုက်မှုများတွင် MiG-29 တိုက်လေယာဉ်များကို အသုံးပြုသည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ နောက်ထပ် PSU တစ်ခုဖြစ်သည့် Bharat Electronics Limited (BEL) သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ရေကြောင်းရေဒါလက်ခံစက်အတွက် ပတ်လည်ကြည့်လုံခြုံရေးကင်မရာ (pan and tilt camera) တစ်လုံးနှင့် a low noise front end for marine radar receivers များအပါအဝင် စစ်တပ်က နောက်ဆုံးလက်ဝယ်အသုံးပြုနေသည့် ပစ္စည်းအတော်များများကို မြန်မာစစ်တပ်၏ ပစ္စည်းဝယ်ယူမှု ညွှန်ကြားမှုးရုံးထံ ပေးပို့ခဲ့ပြီး၊ ယင်းသည် ၎င်းတို့အနေဖြင့် အကြမ်းဖက်စစ်အုပ်စုအတွက် ပံ့ပိုးကူညီမှုများ ဆက်လက် လုပ်ဆောင်နေခြင်းကို ပြသနေသည်။

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (DRDO) နှင့် ရုရှားနိုင်ငံ၏ Joint Stock Company Military Industrial Consortium "NPO Mashinostroyenia" တို့အကြား ဖက်စပ်လုပ်ငန်းတစ်ခု ဖြစ်သည့် BrahMos Aerospace Private Limited (BrahMos Aerospace) သည် စစ်အုပ်စုထံ ဒုံးကျည်များ တင်ပို့မှုနှင့်ဆက်စပ် ဆိုင်းငံ့နေသည့် ဘဏ္ဍာရေးအခြေအနေများအပေါ် ဆွေးနွေးထားသည်များအား ထုတ်ပြန်ကြေညာထားသည်။

BrahMos Aerospace ၏ စီအီးအိုဖြစ်သူ Atun Rane က BrahMos အနေဖြင့် စစ်အုပ်စုထံ အဆိုပါရောင်းချမှု ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် အိန္ဒိယ Credit Line တစ်ခုမှ ဘဏ္ဍာငွေရယူသုံးစွဲရန် လိုအပ်မည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် ရုရှားနိုင်ငံပိုင် မီဒီယာသို့ မှတ်ချက်ပေးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အိန္ဒိယအစိုးရအနေဖြင့် စစ်ဘက်သုံးပစ္စည်းများရောင်းချမှုအပြင် မြန်မာစစ်အုပ်စုအဖွဲ့ဝင်များကို အိန္ဒိယကာကွယ်ရေးဆိုင်ရာ အခမ်းအနားများနှင့် စစ်ဘက်လေ့ကျင့်ရေးသင်တန်းများကို တက်ရောက်နိုင်ရန်အတွက် စင်မြင့်များကို တက်ကြွစွာ ပေးအပ်လျက်ရှိပြီး၊ လွန်ခဲ့သည့်သုံးနှစ်ကျော်ကာလအတွင်း အကြမ်းဖက်စစ်ဆင်ရေးကို နိုင်ငံတဝန်း လုပ်ဆောင်လျက်ရှိသည့် ဥပဒေနှင့်မညီသော တရားမဝင်အဖွဲ့အစည်း အတွက်သာမက စစ်ရာဇဝတ်ကောင်များ အတွက်ပါ နောက်ထပ်ပံ့ပိုးကူညီမှုများနှင့် တရားဝင်မှုများ ပေးအပ်နေခြင်း ဖြစ်သည်။

မြန်မာစစ်တပ်ထံ စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ တင်ပို့မှုကို အားပေးကူညီခြင်းအားဖြင့် အိန္ဒိယနိုင်ငံသည် စစ်အုပ်စု၏ ပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်သည့် တိုက်ခိုက်မှုများကို တိုက်ရိုက်ပံ့ပိုးကူညီပေးခြင်း ဖြစ်နေသလို၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများကို အားပေးကူညီခြင်းလည်း ဖြစ်နေစေသည်။

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာစစ်အုပ်စုထံ စစ်လက်နက်ရောင်းချမှု ပိတ်ပင်ရေးကို ချက်ချင်းပြဋ္ဌာန်းသတ်မှတ်ရန်နှင့် စစ်ဘက်ဆိုင်ရာ လေ့ကျင့်သင်တန်းများနှင့် အခြားစစ်ရေးပံ့ပိုးမှုအားလုံးကို ရပ်ဆိုင်းရန် Justice For Myanmar က တောင်းဆိုသည်။

အိန္ဒိယ ပုဂ္ဂလိကနှင့် အစိုးရ ကာကွယ်ရေးဆိုင်ရာကုမ္ပဏီများနေဖြင့် မြန်မာစစ်တပ်နှင့် တိုက်ရိုက်သော်လည်းကောင်း၊ မြန်မာနိုင်ငံရှိ ဟန်ပြကုမ္ပဏီများမှ တဆင့်သော်လည်းကောင်း စီးပွားရေးလုပ်ဆောင်မှုများ ချက်ချင်းရပ်တန့်ရန်နှင့် နောက်ထပ် စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ စစ်အုပ်စုထံ တင်ပို့ရန် သဘောတူညီမှု မှန်သမျှကို ရပ်ဆိုင်းရန်ကိုလည်း ကျွန်ုပ်တို့ တောင်းဆိုသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “အိန္ဒိယအစိုးရနဲ့ ၎င်းရဲ့ PSUs တွေအနေနဲ့ မြန်မာစစ်တပ်ကို စစ်လက်နက်နဲ့ ဆက်စပ်ပစ္စည်းများ တပ်ဆင်ပေးနေမှုကို ရပ်တန့်ရပါမယ်။ ဒါက စစ်တပ်ရဲ့ နိုင်ငံတဝန်း အကြမ်းဖက်စစ်ဆင်ရေးကို အားပေးကူညီနေတာ ဖြစ်ပါတယ်။

မြန်မာစစ်တပ်ထံ စစ်ဘက်သုံးပစ္စည်းများ ထောက်ပံ့ကူညီခြင်းအားဖြင့် အိန္ဒိယအနေနဲ့ စစ်အုပ်စုရဲ့ အရပ်သား ပြည်သူတွေအပေါ် တိုက်ခိုက်မှုတွေကို တိုက်ရိုက်ပံ့ပိုးကူညီနေတာဖြစ်ပြီး၊ အဲ့ဒီလိုကူညီနေမှုက သူတို့ကျူးလွန်နေတဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာ အိန္ဒိယကို ကြံရာပါပတ်သက်စေမှာ ဖြစ်ပါတယ်။

အိန္ဒိယရဲ့ PSUs တွေဟာ စစ်အုပ်စုကျူးလွန်နေတဲ့ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုနဲ့ တရားမဝင် အာဏာသိမ်းကြိုးပမ်းမှု နောက်ပိုင်းတွေမှာလည်း စစ်လက်နက်၊ စစ်ဘက်သုံးပစ္စည်းတွေနဲ့ လောင်စာဆီတွေကို ဆက်လက်ရောင်းချ ထောက်ပံ့နေတာဖြစ်ပြီး၊ ဒါဟာ အိန္ဒိယနိုင်ငံရဲ့ နိုင်ငံတကာတာဝန်တွေအပေါ် ကြီးလေးတဲ့ ပျက်ကွက်မှု တစ်ရပ်လည်း ဖြစ်ပါတယ်။

အိန္ဒိယအစိုးရ၊ သူတို့ရဲ့ PSUs တွေနဲ့ ထိတွေ့ဆက်ဆံနေတဲ့ အစိုးရတွေ၊ ကုမ္ပဏီတွေအနေနဲ့ မြန်မာစစ်အုပ်စုရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေမှာ အိန္ဒိယနိုင်ငံ ကြံရာပါပတ်သက်နေမှုကို ရပ်တန့်ရေးစေရေး မိမိတို့ရဲ့ဩဇာအရှိန်အဝါ ကို အသုံးပြုသင့်ပါတယ်။

"အကြမ်းဖက်စစ်အုပ်စုထံ စစ်လက်နက်၊ စက်ပစ္စည်း၊ နည်းပညာနဲ့ လောင်စာဆီ ပေးအပ်နေတဲ့ PSUs တွေမှာ ရင်းနှီးမြှုပ်နှံထားကြသူတွေအနေနဲ့ ၎င်းတို့ ရင်းနှီးမြှုပ်နှံထားတဲ့ PSUs တွေကို တာဝန်ယူမှုရှိစွာ စီးပွားလုပ်ဆောင်စေရေး အရေးတကြီး သိမ်းသွင်းစည်းရုံးဖို့နဲ့ မလိုက်နာဘူးဆိုရင် အဲဒီကုမ္ပဏီတွေဆီက ရင်းနှီးမြှုပ်နှံမှုတွေကို ပြန်လည်ရုတ်သိမ်းဖို့ လိုအပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

မြန်မာစစ်အုပ်စုထံ စက်ပစ္စည်းများ ရောင်းချနေသည့် အိန္ဒိယနိုင်ငံပိုင်ကုမ္ပဏီများအကြောင်း ကျွန်ုပ်တို့၏ နောက်ဆုံးစုံစမ်းရေးသားထားမှုကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

**Justice For Myanmar** | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/